Natural Resource Governance Institute

# အကြီးစား သတ္တုတူးဖော်မှု ကုမ္ပဏီများအား အခွန်စည်းကြပ်ခြင်းဆိုင်ရာ အကြံပြုချက်များ

David Manley, Sebastian Sahla, Ko Ko Lwin and Khin Saw Htay


### အဓိက အချက်များ

- မြန်မာနိုင်ငံ၏ ဘူမိဗေဒအနေအထားသည် အကြီးစား သတ္တုတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများ ပိုမိုဝင်ရောက်လာရန် ဆွဲဆောင်နိုင်သည့် အနေအထားဖြစ်ပြီး၊ လက်ရှိ ဝင်ငွေပမာဏထက် ပို၍ ရှာဖွေနိုင်သည့် အခြေအနေရှိသည်။
- အစိုးရသည် သတ္တုတူးဖော်သည့် ကုမ္ပဏီများကို ဆွဲဆောင်နိုင်သကဲ့သို့ နိုင်ငံတော်အတွက်လည်း ဝင်ငွေတိုးတက်စေမည့် အခွန်စနစ် တစ်ခုကို ပုံဖော် အသုံးပြုသင့်သည်။
- အစိုးရသည် အားကောင်း ခိုင်မာသည့် နမူနာစာချုပ် (robust model contract) တစ်ခု ပြုစုထားသင့်သည်။ ကုမ္ပဏီများနှင့် ညှိနှိုင်းပြီး စာချုပ်များကို ထုတ်ပြန်ခြင်း၊ ဝန်ကြီးဌာန စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ အစိုးရ ဝန်ကြီးဌာနများကြား ညှိနှိုင်းဆောင်ရွက်မှု အားကောင်းစေရန် ဆောင်ရွက်သင့်သည်။



## မိတ်ဆက်

ယခုစာတမ်းတွင် မြန်မာအစိုးရ ရင်ဆိုင်နေရသည့် အခက်အခဲများကို ဖော်ပြထားသည်။ သတ္တုတွင်းကဏ္ဍအတွက် အမှန်တကယ် အလုပ်ဖြစ်သည့် အခွန်စနစ် ပုံဖော်ရာတွင် ထည့်သွင်းစဉ်းစားရမည့် ကိစ္စများကိုလည်း ဖော်ပြထားပါသည်။ ရင်းနှီးမြှုပ်နှံမှုများကို ပို၍ ဆွဲဆောင်နိုင်ပြီး နိုင်ငံသားများအတွက်လည်း ပို၍ အကျိုးပြုစေမည့် ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန် အကြံပြုလိုပါသည်။ သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ မဟာဗျူဟာမြောက် ပြုပြင်ပြောင်းလဲမှု အကောင်အထည်ဖော် လုပ်ငန်းများတွင် ပံ့ပိုးမှု ပြုလုပ်ပေးနေသည့် Natural Resource Governance Institute ၏ လုပ်ငန်းများပေါ်တွင် အခြေခံကာ ပြုစုထားသည့် စာတမ်းဖြစ်ပါသည်။

## အခြေအနေ ရှင်းလင်းချက်


မြန်မာနိုင်ငံ၏ ဓာတ်သတ္တုကဏ္ဍ (ကျောက်မျက်ရတနာမှလွဲ၍ ကျန်တူးဖော်မှုအားလုံး) မှ အစိုးရအတွက် ဝင်ငွေ ရှာဖွေပေးနိုင်မှုမှာ အနည်းငယ်သာ ဖြစ်သည်။ ၂၀၁၆ ဧပြီမှ ၂၀၁၇ မတ်လထိ ဓာတ်သတ္တု တူးဖော်မှုမှ ရရှိသည့် ပမာဏမှာ အစိုးရ စုစုပေါင်းဝင်ငွေ၏ ၀.၆ ရာခိုင်နှုန်းသာ ရှိသည်။[၁] ပုံ ၁ ကို ကြည့်ပါ။ ကဏ္ဍတွင် အသေးစားနှင့် အလတ်စား ကုမ္ပဏီများ စိုးမိုးနေပြီး အကြီးစား ရင်းနှီးမြှုပ်နှံမှုများ အနည်းငယ်သာ ရှိသည်။

၁ ၂၀၁၆/၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တူးဖော်မှုကဏ္ဍသည် အစိုးရ စုစုပေါင်းဝင်ငွေ၏ ၁၅ ရာခိုင်နှုန်းကို ရှာဖွေပေးခဲ့သည်။ ၎င်းအနက် ၄ ရာခိုင်နှုန်းသည် ဓာတ်သတ္တု တူးဖော်မှုမှ ရရှိခြင်းဖြစ်သည်။ Myanmar Extractive Industries Transparency Initiative (MEITI) *The Fourth Myanmar EITI Report for the Period 1 April 2016 to 31 March 2017* (2019), 8-11. eiti.org/sites/default/files/documents/4th_meiti_report_30_march_2019.pdf.




ပုံ ၁။ ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ် အစိုးရ စုစုပေါင်း ဝင်ငွေတွင် ဓာတ်သတ္တု တူးဖော်မှုမှ ရရှိသည့် ပမာဏ[၂]

အနာဂတ်တွင် ကဏ္ဍမှ နိုင်ငံတော်အတွက် ဝင်ငွေများစွာ ရှာဖွေပေးနိုင်သည်။ သတ္တုတူးဖော်သည့် ကုမ္ပဏီ အများအပြားသည် နိုင်ငံ၏ ဘူမိဗေဒ ဖြစ်တည်မှုကို သဘောကျကြသည်။ အရည်အသွေး မြင့်သည့် သိုက်အနည်းငယ် တူးဖော်ခြင်းသည် ဓာတ်သတ္တု တူးဖော်မှုမှ ရရှိသည့်ဝင်ငွေကို အပြောင်း အလဲ ဖြစ်စေနိုင်သည်။[၃] အကြီးမားဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်သော ရှမ်းပြည်နယ်၊ ဘော်တွင်းမှ ခဲ နှင့် ငွေ ထုတ်လုပ်မှု တန်ဖိုး တစ်ခုတည်းပင်လျှင် လက်ရှိ တူးဖော်နေသည့် လုပ်ငန်းများ အားလုံးမှ ရရှိသည့် ဝင်ငွေနှင့် တန်းတူ ဖြစ်လာနိုင်သည်။ ပုံ ၂ ကိုကြည့်ပါ။




ပုံ ၂။ ဓာတ်သတ္တုကဏ္ဍ တစ်ခုလုံး ထုတ်လုပ်မှု တန်ဖိုးနှင့် ဘော်တွင်း သတ္တုတွင်းမှ ထုတ်လုပ်မှုတန်ဖိုး ခန့်မှန်း[၄]

၂ *Ibid.*

၃ မြန်မာနိုင်ငံ၏ ဘူမိအခြေအနေသည် ရင်းနှီးမြှုပ်နှံမှုများကို အားပေးသည် သို့မဟုတ် အနည်းဆုံးအနေနှင့် အတားအဆီး မဖြစ်စေပါဟု စစ်တမ်းတွင် ဖြေဆိုသူ လေးပုံသုံးပုံက ထုတ်ပြောသည်။ Fraser Institute. *Annual Survey of Mining Companies* (2016), 19. www.fraserinstitute.org/sites/default/files/survey-of-mining-companies-2016.pdf.

၄ *Myanmar Metals. Equity Raising Investor Presentation (5 June 2018);* Myanmar EITI, Myanmar 2016-17 EITI Report (၂၀၁၉) နှင့် စာတမ်းရှင်များ တွက်ချက်မှု။



ဓါတ်ပုံ – Lauren De Cicca

## သတ္တုတူးဖော်သည့် ကုမ္ပဏီများအား အခွန်စည်းကြပ်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ

ဘော်တွင်းကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုကို စီမံခြင်း၊ အနာဂတ်တွင် အကြီးစား တူးဖော်မှုများ ဆွဲဆောင်ရန် ဆောင်ရွက်ရာတွင် ကုမ္ပဏီများကိုလည်း ဆွဲဆောင်နိုင်၊ နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်ထွန်းစေမည့် အခွန်သတ်မှတ်ချက်များကို ချမှတ်နိုင်ရန် လိုသည်။ ယင်းကိစ္စသည် မြန်မာနိုင်ငံအတွက် အခက်အခဲ ဖြစ်သကဲ့သို့ ကမ္ဘာတစ်ဝှမ်းမှ အစိုးရများအတွက်လည်း အခက်အခဲများ ဆက်လက်ဖြစ်ပေါ်စေမည့် ကိစ္စ ဖြစ်သည်။


### မြင့်မားသည့် အခွန်နှုန်းထားသည် နိုင်ငံတွင်း ဝင်ရောက်ရင်းနှီးမည့် ကုမ္ပဏီများကို အတားအဆီး ဖြစ်စေသည်။

မြန်မာနိုင်ငံ၏ သတ္တုတူးဖော်မှု အခွန်ကောက်ယူပုံသည် တွင်းဝခွန်၊ ထုတ်လုပ်မှု ဝေစုပေါ်တွင် အကြီး အကျယ် မှီခိုနေသည်။ ၎င်းသည် ထုတ်လုပ်မှု တန်ဖိုးနှင့် ပမာဏပေါ်တွင် အခြေခံသည့် အခွန် ၂ မျိုး ဖြစ်သည်။ သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အကြီးစား သတ္တုတူးဖော်မှု စာချုပ်နမူနာပါ နှုန်းထားအရ ယင်းအခွန် အမျိုးအစားအတွက် မြန်မာနိုင်ငံ တွင် ကောက်ယူသည့် နှုန်းထားသည် နိုင်ငံတကာစံနှုန်းနှင့် ယှဉ်ပါက အလွန်အမင်း များပြားနေသည်။[၇] ပုံ ၃ ကိုကြည့်ပါ။

အမြတ်အစွန်းမရသည့် အခြေအနေတွင်ပင် ပေးသွင်းရမည်ဖြစ်သောကြောင့် ထုတ်လုပ်မှုဝေစု အများ အပြား ပေးသွင်းရန် သတ်မှတ်ခြင်း၊ အလားတူ အခွန်များ ပေးသွင်းရန် သတ်မှတ်ထားခြင်းတို့နှင့် ပတ်သက်ပြီး ကုမ္ပဏီများမှ လိုလိုလားလား မရှိပါ။ အဆိုးဆုံးအနေဖြင့် လုပ်ငန်း ပိတ်သိမ်းသဖြင့် အစိုးရ ဝင်ငွေလျော့၊ အလုပ်အကိုင်များ နစ်နာခြင်းတို့ ဖြစ်နိုင်သည်။

တွင်းတစ်ခုခြင်းစီအလိုက် ညှိနှိုင်း အတည်ပြုထားသည့် သတ်မှတ်ချက်များသည် နမူနာစာချုပ်တွင် ဖော်ပြထားသည့် နှုန်းထားထက် များစွာ လျော့နည်းနိုင်သည်။ (ဥပမာ ပုံ ၃ တွင် ဖော်ပြထားသည့် တကောင်းတောင် ထုတ်လုပ်မှု ခွဲဝေမှု စာချုပ်ကို ကြည့်ပါ) ကုမ္ပဏီ၏ အခွန်ပေးသွင်းမှု နည်းစနစ်များ ကလည်း ၎င်းတို့ အမှန်တကယ် ပေးသွင်းရသည့် ပမာဏကို လျော့ကျသွားစေသည်။ ယင်းကိစ္စကို နောက်အခန်းတွင် ဖော်ပြထားပါသည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် ရင်းနှီးမှု မရှိသေးသည့် ရင်းနှီး မြှုပ်နှံသူများက နမူနာစာချုပ်တွင် ဖော်ပြထားသည့် အခွန်သတ်မှတ်ချက်အတိုင်း ၎င်းတို့ကို စည်းကြပ် မည်ဟု ယူဆသွားနိုင်ပြီး၊ အခြားနေရာတွင် သွားရောက်ရင်းနှီးခြင်း သို့မဟုတ် သက်သာသည့်နှုန်းထား ရရှိရန်အတွက် အစိုးရ တာဝန်ရှိသူနှင့် ညှိနှိုင်းခြင်းများ ဖြစ်ပေါ်စေနိုင်သည်။

၇ Ministry of Natural Resources and Environmental Conservation. *Production Sharing Contract for Large-scale Mining* (2018). www.mining.gov.mm/DM_mm/default.asp?page=2. (jrefrmbmomoD;oehf)




ပုံ ၃။ အခြားနိုင်ငံများတွင် သတ်မှတ်ထားသည့် တွင်းဝခွန်နှင့် အလားတူ အခွန်အခများ နှုန်းထား[၆]

## ကုမ္ပဏီများ လိုလားသည့် အခွန်နှုန်းထားများကို သတ်မှတ်မည်ဆိုပါက အခွန်ယိုစီးမှုကြီးများ ဖြစ်ပေါ်စေနိုင်သည်။

ကုမ္ပဏီများသည် ထုတ်လုပ်မှု ဝေစုအစား အမြတ်အစွန်းပေါ် စည်းကြပ်သည့် အခွန်ကို ပို၍ လိုလားကြသည်။ သို့သော်လည်း အမြတ်အစွန်းပေါ်တွင် စည်းကြပ်မှုများကလည်း အခြားအခက်အခဲများ ဖြစ်ပေါ်စေသည်။ အချို့သော ကုမ္ပဏီများသည် စရိတ်များကို ပုံမှန်ထက် မြှင့်၍ စာရင်းပြပြီး အမြတ်မရဟု ကြေညာကာ အမြတ်အစွန်းပေါ် စည်းကြပ်သည့် အခွန်များ (လုပ်ငန်းဝင်ငွေခွန်) ကို ရှောင်ရှားခြင်းများ ဖြစ်နိုင်သည်။ မှန်မှန်ကန်ကန် စိစစ်နိုင်ရန်မှာ အစိုးရ အများစုအတွက် အခက်အခဲ ရှိသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမြတ်ပေါ် စည်းကြပ်သည့်အခွန်ကို ဖိဖိစီးစီး ကောက်ယူနိုင်ရန် အင်တိုက်အားတိုက် ဆောင်ရွက်နေသည်။ ကုမ္ပဏီများမှ အမြတ်ပေါ် စည်းကြပ်သည့်အခွန်ကို ရှောင်ရှားမှုများ ပေါ်ပေါက်လာနိုင်သည်။[၇]

၆ Holman Fenwick Willan. *A guide to investing in a mining project: An overview of four of Asia Pacific's key mining areas: Indonesia, Mongolia, Vietnam and Western Australia* (2012). www.hfw.com/A-Guide-to-Investing-in-a-Mining-Project-Oct-2012; mining laws and regulation 2019 International comparative legal guides. ၂၀၁၉ ဩဂုတ် ၂ ရက်နေ့တွင် ဝင်ရောက်ထားပါသည်။ https://iclg.com/practice-areas/mining-laws-and-regulations သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ – အကြီးစား တူးဖော်ထုတ်လုပ်မှုအတွက် ထုတ်လုပ်မှုဝေစု ခွဲဝေခြင်း၊ အမျိုးသားလွှတ်တော်တွင်၊ အမျိုးသားပါတီမှ ဦးစောမိုး မေးခွန်းသို့ ဖြေကြားချက်။ ၂၀၁၉ ဖေဖော်ဝါရီ ၇

၇ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှု မူဘောင်တွင် အခွန်ပြုပြင်ပြောင်းလဲရေးကို အစိုးရ၏ ဦးစားပေး တစ်ရပ်အနေဖြင့် ထည့်သွင်းထားသည်။ ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့ငွေကြေးရန်ပုံငွေ၊ US Treasury and the International Tax and Investment Center တို့မှ ယင်းပြုပြင်ပြောင်းလဲမှုများကို ပံ့ပိုးလျက်ရှိသည်။ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဖွင့်လှစ်ခြင်း၊ ဆန်းစစ်မှု လုပ်ငန်းစဉ်များကို ခေတ်မီစနစ် ပြောင်းလဲခြင်း၊ နည်းပညာ အခြေပြု အခွန်စီမံမှု စနစ်များ စတင်ကျင့်သုံးခြင်းများ ပြုလုပ်သည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။ *IRD Tax Reform.* www.mopf.gov.mm/en/content/internal-revenue-news.



ဓါတ်ပုံ – Andre Malerba



ဓါတ်ပုံ – မင်းဇေယျာဦး

ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ရန် အခွန် လျှော့ပေါ့ပေးမှုများလည်း ပြုလုပ်လေ့ရှိသည်။ တကောင်းတောင်တွင် China Non-Ferrous Metal Mining (CNMC) ကို လုပ်ငန်းဝင်ငွေခွန် ကင်းလွတ်ခွင့် ၅ နှစ် ပေးခဲ့သည်။[၈] ရွေးချယ်မှု မှားယွင်းပါက အခွန်ကင်းလွတ်ခွင့်များသည် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် ထိရောက်မှုမရှိဆုံး နည်းလမ်းဖြစ်သွားနိုင်ပြီး အခွန်ဝင်ငွေကိုလည်း လျော့ကျသွားစေနိုင်သည်။[၉]

၈ ဒေါက်တာရဲမြင့်ဆွေ၊ သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ အမျိုးသားလွှတ်တော်သို့ တင်ပြချက်။

၉ Alexandra Readhead. *Tax Incentives in Mining: Minimising Risks to Revenue* (IGF-OECD, 2019), 15. www.oecd.org/tax/beps/tax-incentives-in-mining-minimising-risks-to-revenue-oecd-igf.pdf.

## အခွန်သတ်မှတ်ချက်များ မကြာခဏ ညှိနှိုင်း ပြောင်းလဲသော်လည်း ထုတ်ပြန်လေ့ မရှိပါ။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသည့် အကြီးစား တူးဖော်သည့် ကုမ္ပဏီအချို့သည် မူလ သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန နမူနာစာချုပ်တွင် ဖော်ပြထားသည့် သတ်မှတ်ချက်များမှ သိသိသာသာ သွေဖည်သွားသည့် စာချုပ်များနှင့် လုပ်ငန်းဆောင်ရွက်နေကြသည်။ ဝန်ကြီးဌာနမှလည်း ထိုစာချုပ်များကို ထုတ်ပြန်ခြင်းမရှိပါ။ ၎င်းအနေအထားသည် စာချုပ်ညှိနှိုင်းသည့် တာဝန်ရှိသူများသည် ကျိုးကြောင်းဆီလျော်မှု မရှိ၊ တသမတ်တည်း မဟုတ်သည့် ခွင့်ပြုမိန့်ချထားခြင်းများ ပေါ်ပေါက်လာစေနိုင်သည်။ ၎င်းစာချုပ်များကို ညှိနှိုင်းမှုများ ပြုလုပ်ကာ ပြင်ဆင်ရမည်ဖြစ်သည်။

တကောင်းတောင် စီမံကိန်းတွင် ကုမ္ပဏီ နှင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့သည် နီကယ်ဈေး အလွန်မြင့်မားနေချိန်တွင် ထုတ်လုပ်မှုဝေစု ခွဲဝေရေး သဘောတူညီချက်ကို စာချုပ်ချုပ်ဆိုထားခဲ့ကြသည်။ ဈေးကျသည့်အချိန်တွင် အခွန် ရသင့်သလောက် မရကြောင်းကို တာဝန်ရှိသူများ သဘောပေါက်ခဲ့ကြသည်။ နောက်ဆက်တွဲ ပြုလုပ်သည့် စာချုပ်ပြန်လည်ညှိနှိုင်းရေးများတွင် ဝန်ကြီးဌာနမှ ၎င်းအားနည်းချက်ကို ပြင်ဆင်ရန် အားထုတ်ခဲ့သည်။ သို့သော်လည်း အစိုးရဝေစုသည် နည်းလွန်းသည်ဟု လွှတ်တော်မှ အမြင်ရှိသောကြောင့် လွှတ်တော်သည် တကောင်းတောင် စီမံကိန်းကို စိစစ်မှုများ ဆက်လက်ပြုလုပ်ခဲ့သည်။

ဈေးတက်သည်ဖြစ်စေ၊ ကျသည်ဖြစ်စေ အစိုးရအတွက်ရော၊ ကုမ္ပဏီအတွက်ပါ လက်ခံနိုင်သည့် အခွန်သတ်မှတ်ချက်ဖြစ်ရန် လိုသည်။ စာချုပ်များ မကြာခဏ အပြောင်းအလဲ ပြုလုပ်ခြင်းသည် ရင်းနှီးမြှုပ်နှံမှုကို အတားအဆီး ဖြစ်စေပြီး၊ နိုင်ငံအတွက် ဘီလီယံနှင့်ချီကာ နစ်နာမည့် အမှားအယွင်းများ ပေါ်ပေါက်စေနိုင်သည်။

# အကြံပြုချက်များ

ဈေးနှုန်း၊ ကုန်ကျစရိတ် အပြောင်းအလဲနှင့် လိုက်လျောညီထွေရှိသည့် အခွန်ကောက်ယူရမည်။ အခွန်စနစ် စီမံရာတွင် လွယ်ကူရမည်။ ပြန်လည်ညှိနှိုင်းရန် မလိုသည့် အခွန်စနစ် ဖြစ်ရမည်။ ကမ္ဘာတစ်ဝှမ်းမှ အစိုးရများသည်လည်း ယင်းရည်မှန်းချက်များနှင့်ပတ်သက်ပြီး ရုန်းကန်နေရဆဲဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ ပြဿနာသည် အလွန်ထူးဆန်းနေခြင်း မရှိပါ။ အောက်ဖော်ပြပါ အကြံပြုချက်များ ဆောင်ရွက်ခြင်းဖြင့် ဖော်ပြခဲ့ပါ ရည်မှန်းချက်များ ပြည့်မီစေမည်ဖြစ်ပါသည်။

## နမူနာ စာချုပ်ကောင်းတစ်ခု ပြင်ဆင်ထားပြီး တတ်နိုင်သမျှ နီးစပ်မှုရှိအောင် ဆောင်ရွက်ပါ

အစိုးရအတွက်၊ ကုမ္ပဏီများအတွက် အလုပ်ဖြစ်သည့် နမူနာစာချုပ် တစ်ခုကို သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ပြင်ဆင်ထားသင့်သည်။ ပြောင်းလဲဖြစ်ပေါ်နေသည့် အမြတ်အစွန်း အခြေအနေနှင့် လိုက်ဖက်ညီရမည်ဖြစ်ပြီး အလွယ်တကူ စီမံနိုင်ရမည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးလက်အောက်ခံ ဌာနများ၊ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ၊ စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ခံ ငွေတိုက်ဌာန၊ ရသုံးမှန်းခြေ ငွေစာရင်းဌာန၊ ပြည်တွင်းအခွန်၊ မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင် အစရှိသော အစိုးရ ဌာနများနှင့် ညှိနှိုင်းပြီး ပြုစုထားရမည်။ မူကြမ်းပြုစုသူများသည် ကုမ္ပဏီများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် အခြား ကျွမ်းကျင်သူများထံမှ အကြံပြုချက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။[၁၀] ယင်းလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ခြင်းဖြင့် ပို၍ စနစ်ကျ၊ ပို၍ခိုင်မာပြီး ငွေရင်းနှီးမည့်သူများကို ဆွဲဆောင်နိုင်သည့် အခွန်စနစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုကြီးများနှင့် ပတ်သက်လာလျှင် သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် နမူနာစာချုပ်တစ်ခု ပြုလုပ်ပြီး တတ်နိုင်သမျှ နီးစပ်မှုရှိအောင် ဆောင်ရွက်ရမည့်အစား ကုမ္ပဏီ တစ်ခုခြင်းစီနှင့် ရှုပ်ထွေးပြီး၊ တစ်ခုနှင့်တစ်ခု မတူသည့် စာချုပ်များ ချုပ်ဆိုသည်မှာ ယနေ့ထိဖြစ်သည်။ အသေးစိတ် ညှိနှိုင်းရမည့် အချက်များ ရှိနိုင်သော်လည်း ညှိနှိုင်းရမည့် အတိုင်းအတာကို ကန့်သတ်ထားပြီး ရှင်းလင်းစွာ သတ်မှတ်ထားရမည်။ သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ နမူနာစာချုပ်နှင့် လုံးဝ ကွဲနေသည့် သဘောတူညီချက်များ ဖြစ်ပေါ်နေသည့် အခြေအနေကို ရှောင်ရှားနိုင်မည်ဖြစ်သည်။

သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးသည် ကုမ္ပဏီများနှင့် ညှိနှိုင်းထားသည့် စာချုပ်များကို ထုတ်ပြန်ရန် လိုအပ်သည်။ စာချုပ်ထုတ်ပြန်ခြင်းသည် အစိုးရ ဝန်ကြီးဌာနများ၊ ကုမ္ပဏီများနှင့် လူထုကြား ယုံကြည်မှုကို မြင့်တက်စေသည်။ နမူနာစာချုပ်နှင့် မဆိုင်သည့်အချက်များကို အများသိနိုင်ပြီး ရှင်းလင်းချက်များ ပြုလုပ်နိုင်မည်ဖြစ်သည်။ စာချုပ်များ ထုတ်ပြန်ခြင်းကြောင့် အစိုးရနှင့် ကုမ္ပဏီများကိုလည်း ပို၍ကောင်းမွန်သော၊ ပို၍တည်ငြိမ်သော စာချုပ်များ ညှိနှိုင်းရန် တွန်းအားဖြစ်စေနိုင်သည်။ မြန်မာနိုင်ငံမှ အဖွဲ့ဝင်ထားသည့် Extractive Industries Transparency Initiative သတ်မှတ်ချက်အရ ၂၀၂၁ မှစပြီး စာချုပ်များကို ဖွင့်ပြရတော့မည်ဖြစ်သည်။[၁၁] မြန်မာအစိုးရအနေဖြင့် နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် အခွန်အတိုင်းအတာကို သတ်မှတ်ပြီးပါက ထုတ်လုပ်မှုနှင့်ပတ်သက်ပြီး အတွေ့အကြုံရင့်နေပြီဖြစ်သော နိုင်ငံများတွင် ဆောင်ရွက်လေ့ရှိသည့်အတိုင်း အခွန်စနစ်၏ အဓိက ဦးစားပေး ကိစ္စများကို ဥပဒေတွင် ထည့်သွင်းပြဌာန်းရမည် ဖြစ်သည်။

## ကုမ္ပဏီများနှင့် ညှိနှိုင်းရန် အစိုးရ၏ စွမ်းဆောင်ရည် မြှင့်တင်ပါ

ကုမ္ပဏီများနှင့် ဆွေးနွေးမှုများ အဆင့်ဆင့် ပြုလုပ်ရာတွင်လည်းကောင်း၊ နမူနာစာချုပ်ပုံစံ ထုတ်ရာတွင်လည်းကောင်း အစိုးရသည် ခက်ခဲသည့် အပေးအယူများကို မဖြစ်မနေ လုပ်ရန် လိုအပ်သကဲ့သို့

၁၀ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် တူးဖော်ရေးကဏ္ဍ ထုတ်လုပ်မှုဝေစု ခွဲဝေခြင်း စာချုပ်များ သုံးသပ်ရန် ကျွမ်းကျင်သူများအား စုစည်းလျက် မကြာသေးမီက ဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့သည်။ သတ္တုတူးဖော်မှုကဏ္ဍ ပို၍ ပြည့်စုံသည့် နမူနာစာချုပ်များအတွက် အခြေခံအဖြစ် အသုံးပြုနိုင်သည်။

၁၁ Sebastian Sahla, Hosana Chay and Rob Pitman. *How and Why the Myanmar Government Should Publish Petroleum and Mining Contracts* (Natural Resource Governance Institute, 2019). resourcegovernance.org/analysis-tools/publications/how-and-why-myanmar-government-should-publish-petroleum-and-mining.

ရှုပ်ထွေးလှသည့် ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက်များကိုလည်း မဖြစ်မနေ နားလည်ထားရမည် ဖြစ်သည်။ ထိုလုပ်ငန်းများကို နိုင်နင်းစွာ ဆောင်ရွက်နိုင်ရန်အတွက် အစိုးရဝန်ကြီးဌာနများသည် ဌာနတွင်း စွမ်းရည် မြှင့်တင်ထားရမည်၊ ကြားကာလတွင် ပြင်ပ ကျွမ်းကျင်သူများ၏ အထောက်အပံ့ ယူရမည်။ အစိုးရ ကိုယ်စားလှယ်များကို ပံ့ပိုးနိုင်ရန် သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ကျွမ်းကျင်သူများ အစုအဖွဲ့ ဖွဲ့စည်းပြီး ဘဏ္ဍာရေးဆိုင်ရာ စိစစ်ခြင်းများကို အဓိကထား ဆောင်ရွက်ရမည်။ ပြင်ပ ကျွမ်းကျင်သူများနှင့် လက်တွဲလျက် လုပ်ငန်းဆောင်ရွက်ရန် အဖွဲ့တစ်ခု ဖွဲ့စည်းထားခြင်းခြင့် စာချုပ်ညှိနှိုင်းမှုဆိုင်ရာ ကျွမ်းကျင်မှုကို သင်ယူနိုင်သည်။[၁၂]

## အစိုးရ ဌာနများကြား ညှိနှိုင်း၍ အခွန်ကောက်ယူပါ။

အခွန်ကောက်ယူရာတွင် အစိုးရ ဌာနများကြား ညှိနှိုင်းဆောင်ရွက်မှု ပြုလုပ်ရန် မဖြစ်မနေ လိုအပ်သည်။ မတူညီသည့် အစိုးရ ဌာနများတွင် သတ္တုတူးဖော်သည့် ကုမ္ပဏီများ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်သည့် အချက်အလက်များ ရှိကြသော်လည်း ဌာနတစ်ခုနှင့်တစ်ခု အသိမပေးကြသည်များ ရှိသည်။ ထို့ကြောင့် သင့်တော်သည့် အခွန်နှုန်းထား သတ်မှတ်ခြင်းနှင့် အခွန်ကိစ္စ စီမံခြင်းတို့တွင် အခက်အခဲများ ဖြစ်ပေါ်စေသည်။ ရရှိထားသည့် အချက်အလက်များကို စုပေါင်းသုံးစွဲခြင်းဖြင့် ညှိနှိုင်းချက်များ ပို၍ အားကောင်းစေသကဲ့သို့၊ ကုမ္ပဏီများအနေဖြင့်လည်း အခွန်ရှောင်ရန် ခက်ခဲစေမည်ဖြစ်သည်။

ကုမ္ပဏီများ လိုက်နာရမည့် သတ်မှတ်ချက်များကို သက်ဆိုင်ရာ အစိုးရ ဌာနများက သိထားရမည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သဘောတူထားသည့် ထုတ်ဝေမှု ခွဲဝေခြင်း သတ်မှတ်ချက်၊ မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြုသည့် အခွန်ကင်းလွတ်ခွင့်များကို နားလည်ထားရမည်။ ထို့ပြင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန နှင့် ၎င်းလက်အောက်ရှိ နိုင်ငံတော်ပိုင် လုပ်ငန်းအနေဖြင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို (ထုတ်လုပ်မှု ပမာဏ၊ သံရိုင်း အရည်အသွေး၊ ထုတ်လုပ်မှုစရိတ်) ဌာနအချင်းချင်း ကြားတွင်လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနသို့လည်းကောင်း လက်ဦးမှုရယူ ထုတ်ပြန်ပေးရမည်။ နိုင်ငံတော်ပိုင် လုပ်ငန်းများကို စီမံကိန်းအလိုက် ရရှိသည့် ဝင်ငွေနှင့် ကုန်ကျစရိတ်များ အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာ အပြည့်အစုံ၊ နှစ်ပတ်လည် အစီရင်ခံစာများ ထုတ်ပြန်ရန် သတ်မှတ်ထားခြင်းဖြင့် ထုတ်ပြန်မှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည်။[၁၃] ထိုကဲ့သို့ ထုတ်ပြန်ခြင်းဖြင့် အစိုးရ ဌာနများ (ပြည်သူလူထုများ) သည် စီမံကိန်းဆိုင်ရာ အဓိက အချက်အလက်များကို လေ့လာခွင့်ရမည်ဖြစ်သည်။ ထိုမှတဆင့် သက်ဆိုင်ရာဌာနများ သို့မဟုတ် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများကို ဆက်လက်မေးမြန်းပြီး၊ သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန လုပ်ငန်းဆောင်တာများကို ပို၍နားလည်၊ ခက်ခဲသည့် ဆုံးဖြတ်ချက်များ ချမှတ်နေရကြောင်းကို ပြည်သူများက သိနားလည် စာနာနိုင်မည်ဖြစ်သည်။

၁၂ ပို၍ အသေးစိတ်ကျသော အကြံပြုချက်များအတွက် African Development Bank and OpenOil, *Running the Numbers: How African governments model extractive projects* (2018) ကိုကြည့်ပါ။

၁၃ Andrew Bauer, Arkar Hein, Khin Saw Htay, Matthew Hamilton and Paul Shortell. *State-owned Economic Enterprise Reform in Myanmar: The Case of Natural Resource Enterprises* (Natural Resource Governance Institute, 2018), 110 and 115. resourcegovernance.org/sites/default/files/documents/state-owned-economic-enterprise-reform-in-myanmar_0.pdf.

David Manley သည် Natural Resource Governance Institute (NRGI) မှ အကြီးတန်း စီးပွားရေး သုံးသပ်သူ ဖြစ်သည်။ Sebastian Sahla သည် NRGI ၏ အကြံပေး ဖြစ်သည်။ Ko Ko Lwin သည် NRGI ၏ မြန်မာ့အရေး သုံးသပ်သူဖြစ်သည်။ Khin Saw Htay သည် ယခင်က NRGI မြန်မာနိုင်ငံရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

လွတ်လပ်ပြီး အကျိုးအမြတ် မရှာဖွေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော သဘာဝ သယံဇာတအရင်းအမြစ် စီမံခန့်ခွဲမှု အကြံပေး အဖွဲ့ (Natural Resource Governance Institute) သည် ပြည်သူများ မိမိတိုင်းပြည်မှ ထွက်သော ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့် သတ္တုတွင်းထွက်များ ကြွယ်ဝမှု၏ အကျိုးကျေးဇူးများကို သိရှိနားလည်စေရန် လက်တွေ့ အသုံးချ သုတေသနပြုခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ နည်းပညာဆိုင်ရာ အကြံဉာဏ်ပေးခြင်း နှင့် စည်းရုံးရေး ပြုလုပ်ပေးခြင်းဖြင့် ကူညီပေးပါသည်။
ထပ်မံလေ့လာရန် – www.resourcegovernance.org

Natural Resource Governance Institute
Oil, gas and mining for development